အောက်ပါအမှုပင်ရင်းများသုံး၍ ပုံစံမျိုးစုံ ဖြတ်တောက်နိုင်သည်။

- အောက်ဆီအက်ဆီတလင်းမီးတောက် (oxyacetylene flame cutting)
- ပလပ်စမာအာ့ခ်မီး (plasma arc cutting)
- လေဆာအလင်းတန်း (laser beam cutting)

ဂဟေဆော်ရာ၌ (MAG)ဂက်စ်၊ ဂဟေဆော်တံ (Manual arc)၊ သို့မဟုတ် ဖလပ်စ်ချော်ရည်ဖုံးအာ့ခ်မီး (Submerged arc) စသည့်မည်သည့်နည်းများဖြင့်မဆို ဂဟေဆက်နိုင်သည်။

အသုံးပြုပုံနမူနာ

- စက်မှုလုပ်ငန်းစက်ရုံတွင်းရှိ ဖိသိပ်အားမြင့်ပရက်ရှာအိုး ( pressure vessel tank)
- ဂက်စ်သယ်ပို့ကားရှိ ဖိသိပ်အားမြင့်ပရက်ရှာဂက်စ်အိုး (pressure vessel for transportation of liquefied gases)
- တံတား အဆောက်အဦး တည်ဆောက်မှုလုပ်ငန်းများ
- ကရိန်းကားအစိတ်အပိုင်းများ (mobile crane)
- ငြမ်းစင်ထောက်ခံဝန်ချီကရိန်း (derrick crane)
- ကုန်အလေးချိန်များစွာတင် ကုန်တင်ကား
- ကြိုတ်၊ ချေစက်
- ဘက်ဟိုးမြေတူးစက်၊ မြေကော်စက်အစိတ်အပိုင်းများ




အသုံးပြုပုံနမူနာ



















**William Group**
**TEL : 02-4547851-7**
**FAX : 02-4542816**
**www.william.co.th**
**E-mail: info@william.co.th**

# N-A-XTRA และ XABO

## high-strength steels

အလေးချိန်ပေါ့တည်ဆောက်မှုလုပ်ငန်းများအတွက် ဆွဲဆန့်အားမြင့်ခံစတီးလ်






ဖြန့်ဖြူးရောင်းချသူ - ဝီလီယမ်

ThyssenKrupp Steel

# N-A-XTRA and XABO steels for ligther living

ထိစင်းခရု(ပ်)ကုမ္ပဏီမှ ထုတ်လုပ်သည့် ဆေးသားအမာတင်ပြီး ပြန်လည်အပူပေး ပျော့ပျောင်းစေပြီးသည့် (high –strength quenched and tempered) ဆွဲဆန့်အားမြင့်ခံစတီးလ် ဖြစ်သည်။ မာကျောခိုင်ခံမှုမြင့်မားစွာဖြင့် အဆောက်အဦးဖရိန် သံချောင်းတို့ကို ပိုမိုပါးလျ၊ ပေါ့ပါးစေအောင် အရွယ်လျှော့ချပေးနိုင်သည်။ N-A-XTRA စတီးလ်သည် S355 (St 52-3) အဆောက်အဦးသံဖရိန်များထက် စတီးလ်အထူကို (50)ရာခိုင်နှုန်းအထိ လျှော့ချ၍ အစားထိုးသုံးနိုင်သည်။ အကယ်၍ XABO 960 ကိုသုံးပါမူ စတီးလ်အထူကို (70) ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်။ ထို့အပြင် ပိုပါးသည့်သံကို သုံးခြင်းကြောင့် ဂဟေဆက်ကုန်ကျစရိတ်ကို ပို၍သက်သာစေခြင်း၊ ထုတ်လုပ်မှုစရိတ်ကို လျှော့ချစေခြင်း ပြုပေးနိုင်သည်။ ထို့အပြင် ပိုပါးလျသည့်ဖရိန်ကိုယ်ထည်များသည် အလေးချိန်ကန့်သတ်ထိန်းချုပ်ရသည့်နေရာ ဥပမာ ယာဉ်အရွယ်အစားနှင့် အလေးချိန်ကန့်သတ်မှုရှိသည့်အများပြည်သူသုံးယာဉ်ပြေးလမ်းရှိ ကုန်တင်ကား၊ ကရိန်းကားတို့အတွက် အထူးအရေးပါသည်။










N-A-XTRA နှင့် XABO ကို အရည်အသွေးရှိစတီးလ်သံပြားထုတ်လုပ်မှု၌ ကမ္ဘာ့ရှေ့ဆောင်ကုမ္ပဏီများထဲမှတစ်ခုဖြစ်သော ဂျာမနီနိုင်ငံ၏ ထိစင်းခရု(ပ်)စတီးလ်(ThyssenKrupp Steel) ကုမ္ပဏီမှ တီထွင်ထုတ်လုပ်လာသည်မှာ နှစ်(40)ကျော် ရှိလာပါပြီ။ N-A-XTRA และ XABO စတီးလ်သံများသည် သုံးစွဲမှုပုံစံကိုလိုက်၍ အောက်ပါအတိုင်း ရွေးချယ်စရာဂရိတ်အစားစား ရှိပါသည်။

N-A-XTA 700 သည် ပုံမပျက်ဆွဲဆန့်ခံအား(yield strength) 700MPa သို့မဟုတ် 7,140 ကီလိုဂရမ် / စတုရန်းစင်တီမီတာ (kg/cm2) ရှိ၍၊ လူအများလက်ခံသည့် အထွေထွေသုံးစတီးလ်ဖြစ်ပါသည်။

XABO 890 နှင့် 960 သည် ပုံမပျက်ဆွဲဆန့်ခံအား (yield strength) 890 သို့မဟုတ် 960 MPa (သို့မဟုတ်) 9,078 သို့မဟုတ် 9,792 ကီလိုဂရမ် / စတုရန်းစင်တီမီတာ (kg/cm2) ရှိပါသည်။

XABO 1100 သည် အမြင့်ဆုံး ပုံမပျက်ဆွဲဆန့်ခံအား (yield strength) 1100 MPa သို့မဟုတ် 11,220 ကီလိုဂရမ် / စတုရန်းစင်တီမီတာ(kg/cm2) ရှိပါသည်။




N-A-XTRA သည် S355 (St 52-3) အား အစားထိုးသုံးရန် သင့်တော်၍၊ 20 စင်တီမီတာအထူအထိရှိသည့် ၎င်းစတီးလ်ကို ကြိုတင်အပူပေးမှု(preheat) ပြုလုပ်စရာမလိုပဲ ဂဟေဆက်မှု ပြုနိုင်သည်။

N-A-XTRA နှင့် XABO ကို အအေးနည်းပုံသွင်းခြင်း (cold forming) ကောင်းစွာ ပြုနိုင်သည်။

၎င်းစတီးလ်ကို လည်ပတ်နှုန်းမြင့် အရစ်ဖော် ကိုဘော့အထူးလွန်သွား (high speed cobalt alloyed HSS E twist drill ) ဖြင့် အပေါက်ဖောက်မှု ပြုနိုင်သည်။ XABO 890/960/1100 စတီးလ်များအတွက်မူ ကာဗိုက်ခေါင်းလွန်သွားကို ( carbide tipped drills) အသုံးပြု၍ ဖောက်သင့်ပါသည်။

